# မြစ်ကြီးနားသတင်း ဂျာနယ်

## ၂၀၂၂ ခုနှစ် ကချင်ပြည်နယ် အတွင်းက အထင်ကရ နေ့စွဲများ



### ဇန်နဝါရီ (၁)
KIO/KIA ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး အင်ဘန်လကလ သူ့ရဲ့ နှစ်သစ်မိန့်ခွန်းမှာ စစ်ကောင်စီကို နည်းမျိုးစုံနဲ့ တွန်းလှန်နေကြတဲ့သူတွေကို ချီးမွမ်းခဲ့ပြီး ရှုပ်ထွေးနေတဲ့အချိန်ကာလမှာ နိုင်ငံရေး အဖြေကောင်းထွက်လာဖို့အတွက် အားလုံး ပူးပေါင်းပါဝင်ကြဖို့ ကိုလည်း တိုက်တွန်းပြောကြားခဲ့ပါတယ်။

### ဇန်နဝါရီ (၄)
လုပ်ကြံသတ်ဖြတ်ခံခဲ့ရတဲ့ ကချင်ပြည်နယ်အတွင်းက ရပ်ကွက်အုပ်ချုပ်ရေးမှူးတွေကို စစ်ကောင်စီက ရဲဗလ ဆုတံဆိပ်ချီးမြှင့်ခဲ့ပြီး နောင်နန်းကျေးရွာအုပ်ချုပ်ရေးမှူး ၊ ဟိုကပ်ကျေးရွာ အုပ်ချုပ်ရေးမှူးနဲ့ မိုးမောက်မြို့နယ် အုပ်ချုပ်ရေးမှူး တို့ရရှိခဲ့ကြပါတယ်။ ဒ့ါအပြင် ကချင်ပြည်နယ် ရဲ အုပ်အပါအဝင် ရဲတပ်ဖွဲ့ဝင်(၁၆)ဦးတို့ကိုလည်း ဆုတံဆိပ် ချီးမြှင့် ခဲ့ပါတယ်။

### ဖေဖော်ဝါရီ (၁)
ကချင်ပြည်နယ်အတွင်းက မြို့နယ်အများစုမှာအာဏာသိမ်းတစ်နှစ်ပြည့်အနေနဲ့ တစ်နိုင်ငံလုံးနည်းတူ အသံတိတ်သပိတ် (Sient Strike) မှာ ပါဝင်ခဲ့ကြပါတယ်။ အဲဒီနေ့ တစ်ရက်တည်းမှာဘဲ ပူတာအိုမြို့နယ် ၊ ဆွမ်ပီယန်ကျေးရွာက စစ်ကောင်စီတပ်ပေါင်းစုစခန်းနဲ့ လုံရှာယန်ကျေးရွာက တပ်စခန်းတစ်ခုကို ကချင်လွတ်လပ်ရေးတပ်မတော် (KIA)ကနေ သွားရောက်ပစ်ခတ်တိုက်ခိုက်ခဲ့ပြီး စခန်းသိမ်းယူနိုင်ခဲ့ပါတယ်။



### မတ် (၂)
ဖားကန့်မြို့၊ အေးမြသာယာ ရပ်ကွက် ၊ ညောင်ပင်ကုန်းအနီးမှာ အသက် (၃၉) နှစ်အရွယ် CDM အမျိုးသားတစ်ဦး ပစ်သတ်ခံခဲ့ရပြီး ပျူစောထီးတွေက ပစ်သတ်တာ ဖြစ်နိုင်တယ်လို့ ဒေသခံတွေက ပြောဆိုခဲ့ကြပါတယ်။



### ဖေဖော်ဝါရီ (၂)
ပူတာအိုခရိုင်အတွင်းက ပြည်သူ့စစ်တွေ အမြန်လက်နက်ချဖို့နဲ့ ပြည်သူတွေနဲ့ ပူးပေါင်းဖို့ကို ပူတာအိုခရိုင် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ကနေ စာထုတ်သတိပေးခဲ့ပါတယ်။ ဒ့ါအပြင် နောင်မွန်မြို့နယ်၊ မြို့နယ်ထွေအုပ်အုပ်ချုပ်ရေးမှူး ဦးနမ်ရဲမင်နဲ့ ဦးချန်တန်ခင်တို့ကိုလည်း ပြည်သူလူထုစိတ်အနှောက်အယှက်ဖြစ်မယ့် ကိစ္စတွေနဲ့ CDM ဝန်ထမ်းတွေကိုဖမ်းဆီးတာ လုံးဝမလုပ်ကြဖို့လည်း သတိပေးထုတ်ပြန်ခဲ့ပါတယ်။

### မတ် (၈)
စစ်ကောင်စီရဲ့ ပစ်ခတ်ဖြိုခွင်းမှုကြောင့် မြစ်ကြီးနားမြို့မှာ ပထမဆုံး သွေးမြေကျခဲ့ရတဲ့ ဦးချိုတား (ခ) ဦးကိုလေးနဲ့ ကိုဇင်မင်းထက်တို့ ကျဆုံးခြင်း (၁)နှစ်ပြည့်အနေနဲ့ မြစ်ကြီးနားမြို့ပင်မသပိတ်က လူငယ်တွေနဲ့ ကျောင်းသားသမဂ္ဂတို့က စစ်အာဏာရှင်ဆန့်ကျင်ရေး လှုပ်ရှားမှုပြုလုပ်ခဲ့ပါတယ်။ ဒ့ါအပြင် မနက် (၃) နာရီ အချိန်လောက်က မိုးညှင်း တက္ကသိုလ်ကျောင်းဝင်းထဲမှာတပ်စွဲထားတဲ့ စစ်ကောင်စီ တပ်ပေါင်းစုကို KIA/PDF ပူးပေါင်းအဖွဲ့က တိုက်ခိုက်ခဲ့လို့ စစ်ကောင်စီဘက်က ထိခိုက်ကျဆုံးမှုများခဲ့ပါတယ်။

### ဖေဖော်ဝါရီ (၃)
ကချင်လွတ်လပ်ရေး တပ်မတော် KIA တပ်ဖွဲ့ဝင်တွေ သိမ်းပိုက်ထားတဲ့ ဆွမ်ပီယန် ကျေးရွာကို စစ်ကောင်စီက ဂျက်ဖိုက်တာ လေယာဉ် (၂) စင်းနဲ့ ဗုံးကြဲခဲ့ပါတယ်။ ဗုံးကြဲတိုက်ခိုက်မှုကြောင့် လူနေအိမ်တွေ မီးလောင်ပျက်စီးခဲ့ပြီး ဒေသခံရွာသားတွေလည်း ထိခိုက်ဒဏ်ရာ ရရှိခဲ့ပါတယ်။



### မတ် (၁၄)
ဧရာဝတီမြစ် ထာဝစဉ်စီးဆင်းရေးနဲ့ မြစ်ဆုံဒေသမှာ ရွှေတူးဖော်မှု ရပ်ဆိုင်းရေးအတွက် ဆုတောင်းခြင်း အစီအစဉ်နဲ့ ဆန္ဒထုတ်ဖော်ကြွေးကြော်မှုတွေကို “အပြည်ပြည်ဆိုင်ရာ မြစ်ချောင်းအင်းအိုင်များနေ့” မှာ မြစ်ဆုံဒေသခံတွေက ပြုလုပ်ခဲ့ကြပါတယ်။

### မတ် (၁၅)
မြစ်ကြီးနားမြို့၊ လယ်ကုန်း ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး မိုင်းဖောက်ခွဲခံရပြီး မီးလောက် ပျက်စီးခဲ့ပါတယ်။

### ဖေဖော်ဝါရီ (၅)
“တိုင်းရင်းသား လက်နက်ကိုင်တွေနဲ့အတူ ဗမာပြည်သူတွေလည်း ပူးပေါင်းတော်လှန်တဲ့ နှစ်ဖြစ်တာကြောင့် ဒီနှစ်ကချင်တော်လှန်ရေးနေ့ဟာ ထူးခြားတယ်လို့” ဗိုလ်မှူးကြီးနော်ဘူက ကချင်တော်လှန်ရေး (၆၁) နှစ်ပြည့် အထိမ်းအမှတ် အနေနဲ့ ပြောကြားခဲ့ပါတယ်။



### မတ် (၁၉)
မြစ်ကြီးနားမြို့အထွက် နမ္မတီးမြို့အဝင် (၂၁) မိုင်စုပေါင်း စစ်ဆေးရေးဂိတ်ကို မနက် (၅) နာရီအချိန်လောက်မှာ KIA ကနေ သွားရောက်တိုက်ခိုက်ခဲ့လို့ တိုက်ပွဲပြင်းထန်ခဲ့ပြီး စစ်ကောင်စီဘက်က တိုက်လေယာဉ်နဲ့ နှစ်ကြိမ်တိုင် သွားရောက် ဗုံးကြဲခဲ့ပါတယ်။

### ဖေဖော်ဝါရီ (၁၃)
မြစ်ကြီးနားမြို့ ၊ ပ.လ.န နယ်မြေ ရဲစခန်း စစ်ဆေးရေး ဂိတ်အနီးမှာ ဗုံး ပေါက်ကွဲခဲ့ပါတယ်။

### ဖေဖော်ဝါရီ (၁၄)
မြစ်ကြီးနားမြို့မှာ တစ်ရက်ထဲကိုဗစ်ပိုးတွေ့ရှိသူ (၈၇)ဦး ရှိခဲ့ပါတယ်။
မြစ်ကြီးနားမြို့၊ တပ်ကုန်း စံပြရပ်ကွက်မှာ ဗုံး ပေါက်ကွဲမှု ဖြစ်ပွားခဲ့ပြီး ပြည်သူတစ်ချို့လည်း ထိခိုက်ဒဏ်ရာ ရခဲ့ပါတယ်။




### မတ် (၂၂)
ကမ္ဘောဒီးယား ဒုဝန်ကြီးချုပ် Prak Sokhoon ရဲ့ မြန်မာပြည် ခရီးစဉ်ကို ကန့်ကွက်ကြောင်းနဲ့ စစ်အာဏာရှင် အမြစ် အမြစ်ဖြတ်ချေမှုန်းရေး သပိတ်ကို ဖားကန့်ပြည်သူ (၄၀၀) ခန့် ပါဝင်ပြီး ပြုလုပ်ခဲ့ကြပါတယ်။



### ဖေဖော်ဝါရီ (၁၅)
ပူတာအိုခရိုင်၊ ဖတ်မာ ကျေးရွာမှာ ဆိုင်ကယ်စီးလာတဲ့ ဇနီးမောင်နှံနှစ်ဦးကို စစ်ကောင်စီတပ်သားတွေက လိုက်လံပစ်ခတ်ခဲ့တာကြောင့် ကျည်ထိမှန် သေဆုံးခဲ့ပါတယ်။

### မတ် (၂၃)
ကချင်အမျိုးသာကွန်ဂရက် (KNC)ပါတီဥက္ကဋ္ဌ ဒေါက်တာအမ်ကောန်လကို စစ်ကောင်စီရဲ့ နေပြည်တော် ၊ ဇမ္ဗူသီရိ တရားရုံးကနေ ပုဒ်မ ၅၀၅ - က အမှုအတွက် ထောင်ဒဏ် (၂) နှစ် ချမှတ်ခဲ့ပါတယ်။




### ဖေဖော်ဝါရီ (၁၈)
ပူတာအိုမြို့နယ်အတွင်းမှာ KIAနဲ့ စစ်ကောင်စီတို့ တိုက်ပွဲတွေကြောင့် မြို့အဝင်ဂိတ်တွေကို ပိတ်ထားတဲ့အတွက် ပူတာအိုမြို့မှာ စက်သုံးဆီတွေ ပြန်လပ်ခဲ့ပါတယ်။

### ဖေဖော်ဝါရီ (၂၃)
မြစ်ဆုံစီမံကိန်းနဲ့ ပတ်သက်ပြီး ဆက်လက်လုပ်ဆောင်သင့်တယ်လို့ ချီဖွေမြို့မှာ ပြုလုပ်ခဲ့တဲ့ ဘာသာစကားတူ လူမျိုးနွယ်စုတွေ့ဆုံပွဲမှာ (NDA-K) ခေါင်းဆောင် ဦးဇခုန်တိန့်ယိန်းကပြောဆိုခဲ့ပါတယ်။

### မတ် (၂၅)
စစ်အာဏာသိမ်းမှုကို အလိုမရှိကြောင်း ငြိမ်းချမ်း စွာ ဆန္ဒဖော်ထုတ်ရင်း စစ်ကောင်စီတပ်သားတွေရဲ့ အကြမ်းဖက်ဖြိုခွင်းမှုကြောင့် မိုးညှင်းမြို့က ဦးဝင်းဆွေ နဲ့ မြစ်ကြီးနား နည်းပညာတက္ကသိုလ်က စတုတ္ထနှစ်ကျောင်းသား ကိုစိုးနိုင်ထွန်းတို့ကျဆုံးတာ တစ်နှစ်ပြည့်ခဲ့ပါတယ်။

မြစ်ကြီးနားသတင်း ဂျာနယ်

# ၂၀၂၂ ခုနှစ် ကချင်ပြည်နယ် အတွင်းက အထင်ကရ နေ့စွဲများ

### မတ် (၂၇)

နမ္မတီးမြို့၊ ကဆုန့်ကျေးရွာ အနီးက ကချင်လွတ်လပ်ရေး တပ်မတော်(KIA) တပ်မဟာ (၂) အောက် တပ်ရင်း (၁၁) တပ်စွဲ နေထိုင်တဲ့နေရာကို စစ်ကောင်စီက လေယာဉ်နဲ့ဗုံးကြဲ တိုက်ခိုက်ခဲ့ပါတယ်။

### မတ်(၂၈)

ဗန်းမော်မြို့မှာ ရဲကားနဲ့စစ်ကားမိုင်းဆွဲ တိုက်ခိုက်ခံရပြီး ခရိုင်ရဲမှူးရုံးက ဒုရဲမှူးတစ်ဦးနဲ့ အရပ်သားတစ်ဦး သေဆုံးပြီး ရဲလေးဦးနဲ့ အရပ်သားလေးဦး လည်း ဒဏ်ရာရရှိခဲ့ပါတယ်။

### မတ်(၃၁)

ကချင်အမျိုးသားကွန်ဂရက် (KNC) ပါတီ ဥက္ကဋ္ဌ ဒေါက်တာ အမ်ကောန်လကို မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်ကနေ မြစ်ကြီးနားမြို့၊အမှတ် (၁) ရဲစခန်းမှာ ပုဒ်မ ၅၀၅-က နဲ့ ထပ်မံအမှုဖွင့် စွဲချက် တင်ထားတယ်လို့ KNC ပါတီက ထုတ်ပြန်ခဲ့ပါတယ်။

### ဧပြီ (၁)

ရာဇသတ်ကြီး ဥပဒေပုဒ်မ ၅၀၅ -က နဲ့ ရာဇသတ်ကြီး ပုဒ်မ ၁၂၄ -က တို့နဲ့ တရားစွဲဆို ခံထားရတဲ့ ကချင်ပြည်နယ် တရားလွှတ်တော်က အကြီးတန်းစာရေး ဒေါ်ယဉ်ယဉ်ဝင်းကို မြစ်ကြီးနားမြို့နယ်နဲ့ ခရိုင် တရားရုံးကနေ ထောင်ဒဏ် (၇)နှစ်နဲ့ ငွေဒဏ်တစ်သောင်း ချမှတ်ခဲ့ပါတယ်။

### ဧပြီ (၅)

စစ်ကောင်စီ ကျင်းပတဲ့ ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲရလဒ်ကို လုံးဝအသိအမှတ်ပြုမှာ မဟုတ်ကြောင်းနဲ့ စစ်ကောင်စီရဲ့ စာမေးပွဲရလဒ်နဲ့လည်း တက္ကသိုလ်ဝင်ခွင့် ပြုမှာမဟုတ်ဘူးလို့ ကချင်ဒေသကျောင်း

### ဧပြီ (၇)

အခြေခံပညာအဆင့် သင်ရိုးကုန်တွေအားလုံး သင်ယူလေ့လာနိုင်ပြီ ဖြစ်တယ်လို့ အမျိုးသား ညီညွတ်ရေး အစိုးရ ပညာရေးဝန်ကြီးဌာနကကြေညာခဲ့ပါတယ်။

### ဧပြီ (၈)

အခြေခံပညာအဆင့် သင်ရိုးကုန်တွေအားလုံး သင်ယူလေ့လာနိုင်ပြီ ဖြစ်တယ်လို့ အမျိုးသား ညီညွတ်ရေး အစိုးရ ပညာရေးဝန်ကြီးဌာနကကြေညာခဲ့ပါတယ်။

### ဧပြီ (၁၃)

မြစ်ကြီးနားမြို့မှာစစ်ကောင်စီကျင်းပတဲ့ သင်္ကြန်ပွဲတော်အတွင်း ရေထွက်ကစားသူ မရှိသလောက် နည်းပါးခဲ့ပါတယ်။

### ဧပြီ (၁၆)

ဖားကန့်မြို့နယ်၊ နန့်ယားကျေးရွာက စစ်ကောင်စီတပ်ရင်းမှူးရဲ့ကား ဈေးအနီးမှာ မိုင်းဆွဲတိုက်ခိုက်ခံခဲ့ရလို့ ကားတစ်ခြမ်း ပျက်စီးခဲ့တဲ့အပြင် ကားပေါ်လိုက်ပါလာသူ တစ်ဦးလည်း ထိခိုက်ဒဏ်ရာ ရရှိခဲ့ပါတယ်။

### ဧပြီ (၁၇)

မြန်မာနိုင်ငံလွတ်လပ်ရေးရပြီး (၇၅) နှစ်တာကာလအတွင်း နိုင်ငံတော်နဲ့ နိုင်ငံသားကောင်း အကျိုးတာဝန်ထမ်းဆောင်နိုင်မှုတွေ အတွက်ဆိုပြီး စစ်ကောင်စီက ပန်ဝါပြည်သူ့စစ်ခေါင်းဆောင် ဦးဇခုန်တိန့်ယိန်း ၊ ဦးလဆန်အောင်ဝါ (KIO ခွဲထွက်)နဲ့ Dr.Saboi Jum တို့ကို ဝဏ္ဏကျော်ထင်ဘွဲ့နဲ့ ဗိုလ်မှူးချုပ် အယ်လ်ကွမ်ဖန်ကို ဇေယျကျော်ထင်ဘွဲ့ ပေးအပ်ခဲ့ပါတယ်။

### ဧပြီ (၂၀)

စက်သုံးဆီဈေးနှုန်းတွေ မြင့်တက်လာပြီး ဆီပြတ်လတ်မှုတွေ ရှိလာတာကြောင့် မြစ်ကြီးနားမြို့ပေါ်က ဆီဆိုင်တစ်ချို့ ပိတ်သိမ်းခဲ့ရပြီး တစ်ချို့ကတော့အကန့်သတ်နဲ့သာရောင်းချနိုင်ခဲ့ပါတယ်။

### ဧပြီ (၂၂)

ကချင်ပြည်နယ်တရားလွှတ်တော်ကနေ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်ကို အဂတိမှုနဲ့ ထောင်ဒဏ် (၁၂) နှစ်ချမှတ်ခဲ့ပြီး ကျန်ပြည်နယ်ဝန်ကြီးတွေကိုလည်း ထောင်ဒဏ် (၃) နှစ်ကနေ (၉) နှစ်အထိ အသီးသီးချမှတ်ခဲ့ပါတယ်။

### ဧပြီ (၂၈)

မြစ်ကြီးနားမြို့ ၊ ပ.လ.နနယ်မြေအတွင်းက ကချင်တစ်မျိုးသားလုံးနဲ့ဆိုင်တဲ့ အင်ခိုင်ဘွမ်တောင်ခြေမှာ တားမြစ်ထားတဲ့ကြားက ဗုဒ္ဓရုပ်ပွားတော်တွေ ဆက်လက်တည်နေတဲ့အပေါ် ကချင်လူငယ်တွေကန့်ကွက်ခဲ့ကြပါတယ်။

### မေ (၂)

ဖားကန့်မြို့မှာ စစ်ကောင်စီတပ်ဖွဲ့ဝင်တွေရဲ့ ပစ်ခတ်မှုကြောင့် ဦးခေါင်းကျည်ထိမှန်ကျဆုံးခဲ့တဲ့ ကိုဝေဖြိုး ကျဆုံးခြင်း(၁ နှစ်ပြည့် ဝမ်းနည်းခြင်းသပိတ်ကို ပြုလုပ်ခဲ့ကြပါတယ်။ ဒါ့အပြင် သဘာဝဘေးစီ နဲ့ ထောင်ဒဏ် တစ်နှစ် ချမှတ်ခံထားရတဲ့ ကချင်ပြည်နယ် NLD ပါတီ ဥက္ကဋ္ဌ ဦးမြသိန်းချုပ်ရက်စေ့နဲ့ မြစ်ကြီးနား အကျဉ်းထောင်ကနေလွတ်မြောက်ခဲ့ပါတယ်။



### ဧပြီ (၂၄)

ကချင်မော်ဒယ်နဲ့သရုပ်ဆောင်တစ်ဦးဖြစ်တဲ့ ဇော်မိုင်အောင် (ခေါ်) မိုင်းမိုင် ကွယ်လွန်ခဲ့ပါတယ်။

### မေ (၅)

စစ်ကောင်စီခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ခေါင်းဆောင် တွေကို တွေ့ဆုံဆွေးနွေးဖို့ ဖိတ်ကြားတာနဲ့ ပတ်သက်ပြီး KIO အနေနဲ့ ပါဝင်သင့်သူအားလုံးပါဝင်ပြီး တန်းတူဆွေးနွေးနိုင်မယ့် အချိန်ရောက်မှသာ ပါဝင်ဆွေးနွေးမယ်လို့ ထုတ်ပြန်ခဲ့ပါတယ်။

### မေ (၉)

မြစ်ကြီးနားမြို့နယ်တရားရုံးမှာ စွဲဆိုထားတဲ့ အမှုရင်ဆိုင်ဖို့အတွက် ကချင်အမျိုးသားကွန်ဂရက်(KNC) ပါတီ ဥက္ကဋ္ဌ ဒေါက်တာအမ်ကောန်လကို ရမည်းသင်းအကျဉ်းထောင်ကနေ မြစ်ကြီးနား အကျဉ်းထောင်ကိုပို့ဆောင်ခဲ့ပါတယ်။

### မေ (၂၄)

ဗန်းမော်မြို့နယ်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD) ပါတီက ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးဇော်သင်းရဲ့ နေအိမ်ကို စစ်ကောင်စီတပ်ဖွဲ့ဝင်တွေက ချိပ်ပိတ်ခဲ့ပါတယ်။

### မေ (၂၅)

ပူတာအိုမြို့က ကချင်ပြည်နယ်လွှတ်တော် ဒု - ဥက္ကဋ္ဌဟောင်း ဦးခန်လင်ရဲ့ နေအိမ်ကို စစ်ကောင်စီ လက်အောက်ခံရဲတပ်ဖွဲ့ဝင်တွေက ချိပ်ပိတ်ခဲ့ပါတယ်



### မေ (၂၆)

NLD ပါတီက မိုးညှင်းမြို့နယ် ၊အမှတ် (၁) မဲဆန္ဒနယ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဒေါ်သက်ထားနှောင်းကို မြစ်ကြီးနား မြို့နယ် တရားရုံးကနေ ၅၀၅ - ခ အမှုနဲ့ ထောင်ဒဏ် (၁) နှစ် ချမှတ်ခဲ့ပါတယ်။

### မေ (၃၁)

ဖားကန့်မြို့နယ် ၊ ဆိပ်မူအုပ်စု၊ ဆွတ်အောင်ရွာ အထွက် တံတားအနီးမှာ လူငယ်လေးဦး လက်ပြန်ကြိုးတုပ်ပြီး ပစ်သတ်ခံထားရတဲ့ ရုပ်အလောင်း တွေ့ရှိခဲ့ပါတယ်။

### ဇွန် (၁)

အမျိုးသားညီညွတ်ရေး အစိုးရ ၊ ပညာရေး ဝန်ကြီးဌာန လက်အောက်က မြစ်ကြီးနားဖက်ဒရယ်ကျောင်းရဲ့ နေအိမ် အခြေပြုသင်ကြားရေး အစီစဉ်တွေ စတင်ခဲ့ပါတယ်။

### ဇွန် (၂)

မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် (မပခ) လက်အောက်ခံ စစ်ကောင်စီ အရာရှိတစ်ဦးနဲ့ အခြားအဆင့် စစ်သည်တစ်ဦး စစ်ဘက်သုံး လက်နက်တွေနဲ့အတူ ပြည်သူဘက်ပူးပေါင်းခဲ့ပါတယ်။

### ဇွန်(၉)

ဖားကန့်မြို့ ၊ အေးမြသာယာရပ်ကွက် ၊ ညောင်ပင်ကုန်းအနီးက လုပ်ကွက်ဟောင်းရေကန်ထဲကို လသားအရွယ် ကလေးတစ်ဦး အပါအဝင် (၃) ဦး လိုက်ပါစီးနင်းလာတဲ့ ပါဂျဲရိုကားတစ်စီး ထိုးကျခဲ့ပြီး ကားပေါ်ပါသူ အားလုံး သေဆုံးခဲ့ပါတယ်။

### ဇွန် (၁၆)

ဗန်းမော်မြို့နယ်၊ ရပ်ကွက်တစ်ချို့မှာ စစ်ကောင်စီတပ်ဖွဲ့ဝင်တွေကနေ လျှပ်စစ်မီတာခမပေးဆောင်တဲ့ နေအိမ်တွေက မီတာဘောက်တွေကို ဖြုတ်သိမ်းခဲ့ပါတယ်။

### ဇွန် (၁၇)

ကိုးနှစ်တာကာလအတွင်း တက္ကသိုလ်ဝန်တန်းဖြေဆို အောင်မြင်သူ သုံးဦးသာရှိခဲ့တဲ့ ပူတာအိုခရိုင် ၊ ခေါင်လန်ဖူး မြို့နယ်မှာ (၉) ဦး အောင်မြင်ခဲ့ပြီး (၅) ဦး ဂုဏ်ထူးထွက်ရှိခဲ့ပါတယ်။

မြစ်ကြီးနားသတင်း ဂျာနယ်

# ၂၀၂၂ ခုနှစ် ကချင်ပြည်နယ် အတွင်းက အထင်ကရ နေ့စွဲများ



## ဇွန် (၂၂)

KNC ဥက္ကဋ္ဌ ဒေါက်တာ အမ်ကောန်လကို မြစ်ကြီးနား တရားရုံးမှာ စွဲဆိုထားတဲ့ အမှုကနေ ကွင်းလုံးကျွတ် လွှတ်မြောက်ခဲ့ပါတယ်။

## ဇွန် (၂၆)

မြစ်ကြီးနားက တရားလွှတ်တော်ရှေ့နေ ဦးတင်ထွန်းသိန်းတို့ ဇနီးမောင်နှံ နေအိမ်ကို ချိပ်ပိတ်ဖို့ စစ်ကောင်စီက လုပ်ဆောင်ခဲ့ပြီး အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေနဲ့ပါ အမှုဖွင့်ခဲ့ပါတယ်။



## ဇွန် (၂၉)

ဖားကန့်မြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဟိန်းမင်းရဲ့ နေအိမ်ကို စစ်ကောင်စီက ချိပ်ပိတ်ခဲ့ပါတယ်။

## ဇူလိုင် (၆)

ဖားကန့်မြို့နယ် ၊ တံတားညီနောင်နဲ့ ခွမ်စိုင်ယန်ကျေးရွာကြားမှာ ကာမိုင်းကနေတက်လာတဲ့ စစ်ကောင်စီ လက်အောက်ခံ ရဲတပ်ဖွဲ့ဝင်(၆) ဦးကို KIA ကနေ ဖမ်းဆီးခဲ့ပါတယ်။

## ဇူလိုင် (၁၇)

ဗန်းမော်မြို့မှာ အသက် (၆၀) ကျော်အရွယ် ဦးတင်ဇော်ထွေးဆိုသူ အမျိုးသားတစ်ဦး သေနတ်နဲ့ ပစ်ခတ်ခံရပြီး သေဆုံးခဲ့ပါတယ်။

## ဇူလိုင် (၁၈)

ဖားကန့်မြို့နယ် ၊ ဝါရာဇွပ်ကျေးရွာအုပ်စု ရှဒူးဇွပ် KIA တပ်စခန်းတစ်ခုကို ရှမ်းနီပြည်သူ့စစ်တွေက တိုက်ခိုက်ခဲ့တာကြောင့် KIA တပ်သားနှစ်ဦး ကျဆုံးခဲ့ပါတယ်။

## ဇူလိုင် (၂၀)

မြစ်ကြီးနားမြို့၊ အောင်မြင်သာကျေးရွာအဝင် စစ်ကောင်စီ စစ်ဆေးရေးဂိတ်ကို မြို့ပြပြောက်ကျားအဖွဲ့ကမီးရှို့ဖျက်ဆီးခဲ့ပါတယ်။

## ဇူလိုင် (၂၄)

(၈၈) ကျောင်းသားခေါင်းဆောင်တစ်ဦးဖြစ်တဲ့ ဦးကျော်မင်းယု (ခ) ဦးဂျင်မီ ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖြိုးဇေယျာသော် ၊ ဦးလှမျိုးအောင် နဲ့ ဦးသူရဇော်တို့ လေးဦးကို စစ်ကောင်စီက သေဒဏ်စီရင်ခဲ့ပါတယ်။

## ဩဂုတ် (၃)

ဖားကန့်မြို့၊ ဆိပ်မူကျေးရွာ အခြေစိုက် ရဲတပ်ရင်း (၃၀) က ရဲမှူးကိုကိုလွင် မော်ရှန်ရပ်ကွက် တစ်နေရာမှာ ရှိနေချိန် ကားနဲ့ရောက်လာတဲ့ လူတစ်စုက သေနတ်နဲ့ (၁၀) ချက်လောက် ပစ်ခတ်ခဲ့လို့ နေရာမှာတင် သေဆုံးခဲ့ပါတယ်။

## ဩဂုတ် (၈)

ဖားကန့်မြို့နယ် ၊ ဆယ်ဇင်းကျေးရွာ တပ်စခန်းကုန်းမှာ တပ်စွဲနေထိုင်နေတဲ့ စစ်ကောင်စီတပ်ဖွဲ့ဝင်တွေနဲ့ KIA တပ်တို့ တိုက်ပွဲပြင်းထန်ခဲ့ပြီး KIA ဘက်က စခန်းသိမ်းပိုက်နိုင်ခဲ့ပါတယ်။ ဒါ့အပြင် မြစ်ကြီးနား နဲ့ ဖားကန့်မြို့မှာ (၈) လေးလုံးအရေးတော်ပုံ (၃၄) နှစ်ပြည့် အထိမ်းအမှတ်အနေနဲ့ လှုပ်ရှားမှုတွေ ပြုလုပ်ခဲ့ကြပါတယ်။



## ဩဂုတ် (၁၀)

ဖားကန့် မြို့နယ် ဆယ်ဇင်းကျေးရွာကနေ KIA တပ်ဖွဲ့ဝင်တွေ ဆုတ်ခွာသွားပြီးနောက် ရှမ်းနီ အမျိုးသားများ တပ်မတော် (SNA) နဲ့ စစ်ကောင်စီပူးပေါင်းအဖွဲ့က မနက်ပိုင်းကနေ စတင်မီးရှို့ခဲ့လို့ နေအိမ် ရာနဲ့ချီ မီးလောင် ပျက်စီးခဲ့ပြီး အရပ်သားထိခိုက်သေဆုံးမှုတွေလည်း ရှိခဲ့ပါတယ်။ ဒ့ါအပြင် ပြည်သူ ထောင်နဲ့ချီ စစ်ဘေးရှောင်ခဲ့ရပြီး နေရပ်စွန့်ခွာပြီး ထွက်ပြေးတိမ်းရှောင်ခဲ့ရပါတယ်။

## ဩဂုတ် (၁၃)

မြစ်ကြီးနားမြို့ ၊ ကြာရာပတီး A ရက်ကွက်က ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့တွေ ရှိတဲ့ နေရာကို စစ်ကောင်စီတပ်က အင်အားအလုံးအရင်းနဲ့ ဝင်ရောက် စီးနင်းခဲ့တာကြောင့် PDF ရဲဘော် (၆) ဦး ကျဆုံးပြီး တစ်ဦး ဖမ်းဆီးခံခဲ့ရပါတယ်။

## ဩဂုတ် (၁၉)

မိုးညှင်းမြို့နယ်၊ အမှတ် (၁) မဲဆန္ဒနယ်က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD ပါတီ ပြည်နယ် လွှတ်တော် ကိုယ်စားလှယ် ဦးတင်အေးနဲ့ နမ်းမားမြို့က လွှတ်တော် ကိုယ်စားလှယ် ဦးမင်းဆွေနိုင် အပါအဝင် အရပ်သားပြည်သူနှစ်ဦးရဲ့ နေအိမ်စုစုပေါင်း (၄) နေရာကို တစ်ရက်တည်းမှာ စစ်ကောင်စီက ချိပ်ပိတ်ခဲ့ပါတယ်။

## ဩဂုတ် (၂၅)

မြစ်ကြီးနားမြို့ နဲ့ ပူတာအိုမြို့တွေမှာ ငွေစက္ကူအတုတွေကို ပေါ်ပေါ်တင်တင် သုံးစွဲလာကြပြီး ငွေစက္ကူအစစ်တွေ ကြားညှပ်သုံးတာတွေနဲ့ ငွေလွှဲတဲ့ နေရာတွေမှာ အသုံးပြုလာတာတွေ တွေ့ခဲ့ရပါတယ်။

## စက်တင်ဘာ (၇)

ချီဖွေမြို့နယ်ဘက်ကို အင်အား (၁၂၀) လောက်နဲ့ စစ်ကြောင်းထိုးလာတဲ့ စစ်ကောင်စီ ခြေလျင်စစ်ကြောင်းကို မန်ဒေါင်ကျေးရွာ မရောက်ခင် ဆနီခူးကျေးရွာ အကျော်မှာ KIA တပ်ဖွဲ့ဝင်တွေက စောင့်ကြိုတိုက်ခိုက်ခဲ့ပြီး စစ်ကောင်စီဘက်က ထိခိုက်သေဆုံးမှု များခဲ့ပါတယ်။

## စက်တင်ဘာ (၁၄)

ကိုဗစ်ကပ်ရောဂါနဲ့ နိုင်ငံရေး အခြေနေတွေကြောင့် မကျင်းပနိုင်ခဲ့တဲ့ ကက်သလစ်ဘာသာဝင်တွေရဲ့ (၃၉) ကြိမ်မြောက် အာလမ်ကားတိုင်တောင်တက် ဆုတောင်းပွဲကို ဒီနှစ်မှာကျင်းပနိုင်ခဲ့ပြီး လူဦးရေ တစ်သောင်းခွဲဝင်းကျင်လောက် လာရောက်ဆုတောင်းခဲ့ကြပါတယ်။

## စက်တင်ဘာ (၁၉)

မြစ်ကြီးနားမြို့၊ မြစ်ဆုံသွားလမ်းပေါ်က ဒွမ်ဂမ်ကျေးရွာအနီးမှာ ဆိုင်ကယ်စီးလာတဲ့ မိန်းကလေးနှစ်ဦးကို ကားနဲ့တိုက်ခဲ့တဲ့ စစ်ကောင်စီ တပ်သားနှစ်ဦးကို KIA က ဖမ်းဆီးခေါ်ဆောင်သွားပြီးနောက် အခင်းဖြစ်ပွားခဲ့တဲ့ အနီးအနားအိမ်တွေက ဒေသခံပြည်သူ (၁၀) ဦးလောက်ကို စစ်ကောင်စီက ဖမ်းဆီးခေါ်ဆောင်သွားခဲ့ပါတယ်။

## စက်တင်ဘာ (၂၀)

မြစ်ကြီးနား - ဖားကန့် သွားလမ်းပေါ်မှာရှိတဲ့ နမ့်ယာကျေးရွာက ရှမ်းနီပြည်သူ့စစ်ခေါင်းဆောင် ဦးထွန်းထွန်း သေနတ်နဲ့ပစ်ခတ်ခံရပြီး သေဆုံးခဲ့ပါတယ်။

## စက်တင်ဘာ (၂၆)

ဖေ့စ်ဘွတ်ခ်ရဲ့ News Feed (သတင်းရယူမှုပုံစံအသစ်)ဟာ သတင်းအချက်အလက်ရယူခွင့် ၊ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နဲ့ သတင်းမီဒီယာလွတ်လပ်မှုကိုပါ ခြိမ်းခြောက်မှုရှိတာကြောင့် မြန်မာနိုင်ငံမှာ အကောင်အထည်မဖော်ဖို့ ပြည်တွင်းမီဒီယာတွေနဲ့ အဖွဲ့အစည်းစုစုပေါင်း (၄၃) ဖွဲ့က တိုက်တွန်းခဲ့ပါတယ်။

## စက်တင်ဘာ (၂၈)

စစ်ကိုင်းတိုင်း ၊ ရွှေဘိုခရိုင် ၊ ဒီပဲယင်းမြို့နယ် ၊ လက်ယက်ကုန်းကျေးရွာက မတရားသတ်ဖြတ်ခံခဲ့ရတဲ့ ကျောင်းသူ/သားတွေ အတွက် ဝမ်းနည်းခြင်းအထိမ်းအမှတ်အနေနဲ့ ကချင်ပြည်နယ်၊ နမ္မတီးမြို့မှာ ဆန္ဒထုတ်ဖော်ခဲ့ကြပါတယ်။

## အောက်တိုဘာ (၁)

ဖားကန့်မြို့နယ်၊ ဆယ်ဇင်းကျေးရွာ တစ်ဖက်ကမ်းက ကျေးရွာတွေမှာ ရှမ်းနီ SNA တပ်က တပ်သားသစ် စုဆောင်းတာတွေ ပြုလုပ်ခဲ့ပါတယ်။

## အောက်တိုဘာ (၁၁)

ဗန်းမော်မြို့နယ်မှာ သုံးလအတွင်း ကိုဗစ်ပိုးတွေ့ရှိသူ (၄၇) ဦး ရှိခဲ့ပါတယ်။

## အောက်တိုဘာ (၁၆)

မိုးကောင်းမြို့ ၊ ရေရှင်အုပ်စု ၊ (၄) မိုင်ကျေးရွာက ကျောင်းထိုင်ဘုန်းကြီး ဘဒ္ဒန္တ သီလာနန္ဒကို အမည်မသိ လက်နက်ကိုင်တစ်ဖွဲ့က သေနတ်နဲ့ပစ်ခတ်ခဲ့လို့ နေရာမှာတင် ပျံလွန်တော်မူခဲ့ပါတယ်။

## အောက်တိုဘာ (၂၂)

ဗန်းမော်ခရိုင်၊ မိုးမောက်မြို့နယ်အတွင်းက KIA တပ်ဖွဲ့ဝင်တွေရှိတဲ့ လုံဂျာတောင်ဘက်မှာ စစ်ကောင်စီနဲ့ KIA တပ်တို့ နှစ်ဖက်တိုက်ပွဲ စတင်ဖြစ်ပွားခဲ့ပါတယ်။



## အောက်တိုဘာ (၂၃)

ဖားကန့်မြို့နယ် ၊ KIA တပ်မဟာ(၉)အနန့်ပါဒေသမှာ KIO တည်ထောင်ခြင်းနေ့အထိမ်းအမှတ် အကြို တေးဂီတ ဖျော်ဖြေပွဲ ပြုလုပ်နေချိန် စစ်ကောင်စီက လေယာဉ်သုံးစင်းနဲ့ ဗုံးကြဲတိုက်ခိုက်ခဲ့လို့ KIA အရာရှိတွေ နဲ့ အနုပညာရှင်တွေ အပါအဝင် လူပေါင်း (၆၀) ကျော် သေဆုံးခဲ့ပါတယ်။

မြစ်ကြီးနားသတင်း ဂျာနယ်

## ၂၀၂၂ ခုနှစ် ကချင်ပြည်နယ်အတွင်းက အထင်ကရ နေ့စွဲများ



### အောက်တိုဘာ (၂၄)

စစ်ကောင်စီရဲ့ လေကြောင်းကနေ ဗုံးကြဲတိုက်ခိုက်မှု ကြောင့် KIA တပ်ဖွဲ့ဝင်တွေနဲ့ အပြစ်မဲ့ အရပ်သားပြည်သူတွေ သေဆုံးခဲ့ရတဲ့ အပေါ် KIO ထိန်းချုပ်နယ်မြေတွေထဲမှာ ဝမ်းနည်းကြောင်း အထိမ်းအမှတ်အနေနဲ့ အလံတစ်ဝက် လွှင့်ထူထားခဲ့ကြပါတယ်။

### အောက်တိုဘာ (၂၉)

မိုးမောက်မြို့နယ်၊ လုံဂျာတောင်ဘက်ကို စစ်ကောင်စီကနေ လက်နက်ကြီးတွေ ပစ်ခတ်နေပြီး လေကြောင်းနဲ့လည်း ဗုံးကြဲတိုက်ခိုက်ခဲ့ပါတယ်။

### အောက်တိုဘာ (၃၀)

မိုးညှင်းမြို့ပေါ်ရပ်ကွက်တွေမှာ လျှစစ်ဓာတ်အားအသုံးပြုခမီတာမဆောင်တဲ့ နေအိမ်တွေကို စစ်ကောင်စီက လျှပ်စစ်မီးလိုက်လံဖြတ်တောက်ခဲ့ပါတယ်။ စစ်ကောင်စီနဲ့ ပြည်သူ့စစ်အဖွဲ့တွေ ပူးပေါင်းပြီး စစ်ရေးလှုပ်ရှားနေတဲ့အပေါ် ထောက်ပို့အနေနဲ့ ပါဝင်နေတယ်လို့ လီဆူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေး (ဒူးလေး)ပါတီ ဥက္ကဋ္ဌ ဦးရွှေမင်းက ပြောကြားခဲ့ပါတယ်။

### နိုဝင်ဘာ (၆)

KIA တပ်မဟာ (၃) နယ်မြေဖြစ်တဲ့ မိုင်ဂျာယန်မြို့အနီးမှာ စစ်ကောင်စီဘက်က ပစ်ခတ်လိုက်တဲ့ လက်နက်ကြီး (၂) လုံး ကျရောက်ပေါက်ကွဲခဲ့ပါတယ်။ ဗန်းမော်မြို့က သံချပ်ကာတပ်ရင်း ရှေ့တိုက်ဒုံးနဲ့တိုက်ခိုက်ခံရပြီးနောက် စစ်ကောင်စီက ပြည်သူတွေရဲ့ ကားနဲ့ဆိုင်ကယ်တွေကို အကြောင်းမဲ့လိုက်လံဖမ်းဆီးခဲ့ပြီး အပြီးအပိုင်သိမ်းယူခဲ့ပါတယ်။

### နိုဝင်ဘာ (၁၁)

မိုးမောက်မြို့၊ ခါနန်ရပ်ကွက် (၃) ကျောင်းအရှေ့မှာ စစ်ကောင်စီတပ်သားတွေ မိုင်းနင်းမိတဲ့နောက် အနီးတစ်ဝိုက် လက်နက်ကြီးငယ်တွေနဲ့ ပစ်ခတ်ခဲ့သလို ဒေသခံပြည်သူရဲ့ နေအိမ်တစ်လုံးကိုလည်း မီးရှို့ဖျက်ဆီးခဲ့ပါတယ်။

### နိုဝင်ဘာ (၁၃)

မြစ်ကြီးနားမြို့ ၊ Happy KTV မှာ KIO အခွန်ဦးစီးနဲ့ အုပ်ချုပ်ရေးပိုင်းက အရာရှိ(၁၀) ဦးကျော် ဖမ်းဆီး ခံခဲ့ရပါတယ်။



### နိုဝင်ဘာ (၁၃)

မြစ်ကြီးနားမြို့ ၊ မြစ်ဆုံသွားလမ်းပေါ်မှာရှိတဲ့ အူဗျစ်ကျေးရွာက အိမ်တစ်အိမ်ကို စစ်ကောင်စီတပ်သားတွေက ဘူဒိုဇာနဲ့ ဖြိုချဖျက်ဆီးခဲ့ပါတယ်။

### နိုဝင်ဘာ (၁၇)

စစ်ကောင်စီရဲ့ လွတ်ငြိမ်းချမ်းသာခွင့်နဲ့ မြစ်ကြီးနား အကျဉ်းထောင်ကနေ အယောက် (၇၀) ကျော်လွတ်မြောက်ခဲ့ပြီး နိုင်ငံရေးအကျဉ်းသား(၇)ဦးသာ ပါဝင်ခဲ့ပါတယ်။ ဒါ့အပြင် တိုင်းရင်းသား လက်နက်ကိုင် (၄၁) ဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့် ပြုခဲ့တဲ့အထဲမှာ KIA တပ်ဖွဲ့ဝင် (၁၇) ဦး ပါဝင်ခဲ့ပါတယ်။

### နိုဝင်ဘာ (၂၀)

ဗန်းမော်မြို့နယ်က ဧရာဝတီမြစ်အတွင်း တူးဖော်နေကြတဲ့ ရွှေတူးစက်လှေတွေကို စစ်တပ်က မီးရှို့ဖျက်ဆီးခဲ့ပြီး လူ(၁၀)ဦးလောက် ကိုလည်း ဖမ်းဆီးခဲ့ပါတယ်။



### ဒီဇင်ဘာ (၅)

ကချင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ် (KBC)ဥက္ကဋ္ဌဟောင်းဒေါက်တာခလမ်ဆမ်ဆွန်ကို စစ်ကောင်စီတပ် စစ်ဆေးမေးမြန်းဖို့ ဆိုပြီး မန္တလေးလေဆိပ်ကနေ ဖမ်းဆီးခေါ်ဆောင်သွား ခဲ့ပါတယ်။

### ဒီဇင်ဘာ (၈)

ဖားကန့်မြို့အဝင်က ပန်းတင်တံတားထိပ်မှာ လမ်းသွား/လာပြည်သူတွေရဲ့ ဆိုင်ကယ်နဲ့ ကားတွေကို စစ်ကောင်စီက လိုင်စင်အကြောင်းပြ ဖမ်းဆီးတာ ၊ ငွေကြေးတောင်းခံတာတွေ ပြုလုပ်ခဲ့ပါတယ်။

### ဒီဇင်ဘာ (၁၃)

စစ်ကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြစ်ကြီးနားမြို့ကို ရောက်ရှိခဲ့ပါတယ်။

### ဒီဇင်ဘာ (၁၄)

မြစ်ကြီးနားမြို့ကိုရောက်ရှိလာတဲ့ စစ်ကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပူတာအိုမြို့ကို ကချင်ပြည်နယ်ကောင်စီဝန်ကြီးချုပ်၊ ဝန်ကြီးတွေနဲ့အတူ ဆက်သွားခဲ့ပါတယ်။




### ဒီဇင်ဘာ (၁၅)

စစ်ကောင်စီရဲ့ ဖမ်းဆီးထိန်းသိမ်းခြင်းခံထားရတဲ့ KBC ဥက္ကဋ္ဌဟောင်း ဒေါက်တာခလမ်ဆမ်ဆွန်နဲ့ တွေ့ဆုံခွင့်ရရှိရေး အတွက် KBC ဆွေးနွေးအဖြေရှာ ညှိနှိုင်းရေးကော်မတီကနေ စစ်ကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ဆီကို စာရေးသား ပေးပို့ခဲ့ပါတယ်။


### ဒီဇင်ဘာ (၁၉)

ဖားကန့်မြို့မှာ စစ်ကောင်စီက လိုင်စင်အကြောင်းပြ ဖမ်းဆီးထားတဲ့ ကားတွေကို ဖားကန့် ဗျူဟာကုန်းပေါ်မှာ ဘိုဒူဇာနဲ့ ရိုက်ချိုးဖျက်ဆီးပြီး မြေမြှုပ်ခဲ့ပါတယ်။




### ဒီဇင်ဘာ (၂၈)

ဖမ်းဆီးထိန်းသိမ်းခံထားရတဲ့ KBC ဥက္ကဋ္ဌဟောင်း ဒေါက်တာခလမ်ဆမ်ဆွန်ကို စစ်ကောင်စီက မြစ်ကြီးနား အကျဉ်းထောင်ကိုပို့ဆောင်ခဲ့ပါတယ်။




### ဒီဇင်ဘာ (၃၀)

မြစ်ကြီးနားမြို့ ၊တပ်ကုန်းရွှေလမ်းမလမ်းဘေးက Happy KTV မှာ ဖမ်းဆီးခံခဲ့ရတဲ့ KIO အုပ်ချုပ်ရေးပိုင်းက အရာရှိတွေကို မတရားအသင်းဆက်သွယ်မှု ဥပဒေပုဒ်မ ၁၇ (၁) နဲ့ တရားစွဲဆိုထားပြီး ပထမဆုံးအကြိမ် ရုံးထုတ် စစ်ဆေးခဲ့ပါတယ်။